1 တန်းနှင့် 2 တန်း

Public education
**Discover a world of opportunities**

# သိပ္ပံဘာသာရပ် အိမ်တွင် လေ့လာသင်ယူခြင်း

## အိမ်တွင် သိပ္ပံဘာသာရပ်

### မီးဖိုချောင်တွင်

- ချက်ပြုတ်ရာ၌ သင့်ကလေးများအား ပါဝင်စေပါ။ သူတို့အား ချက်ပြုတ်နည်းကို ဖတ်ရှုနိုင်းပြီး ပါဝင်ပစ္စည်းတစ်ခုချင်းကို ဖော်ပြနိုင်းပါ။ သင ၎င်းတို့ကို မသုံးမီ ပါဝင်ပစ္စည်းတစ်ခုချင်းကို သင့်ကလေးအား အနံ့ခံခိုင်းပြီး အရသာမြည်းကြည့်ခိုင်းပါ။ ဤကဲ့သို့ စကားလုံးများကို သုံးပါ- *ချမ်းအေးသည်, ပူသည်, အေးသည် နှင့် ပျော်ဝင်နေသည်.*
- ကစားစရာ ဂျုံမုန့်ညက်ကို လုပ်ပါ။ ကျွန်ုပ်တို့၏ ကစားစရာ ဂျုံမုန့်ညက်ကို မည်သို့လုပ်ရမည် လုပ်စရာစာချပ်လွှာကို ကြည့်ပါ။
- အရာပစ္စည်းများကို သင့် ကလေး မမြင်နိုင်အောင် အရောင်ရင့် ပလပ်စတစ်အိတ်တွင်း ထည့်ပါ။ အိတ်အတွင်း အရာပစ္စည်း အမျိုးမျိုးကို ထည့်ပါ။ သင့်ကလေးများကို အလှည့်ကျ သူတို့လက်များကို အိတ်ထဲနှိုက်ခိုင်းပြီး သူတို့ စမ်းမိသည့် အထည်သားအမျိုးမျိုးကို ဖော်ပြပေးခိုင်းပါ၊ ဤကဲ့သို့- *ချောမွေ့သည်၊ အမွေးပွသည် နှင့်ကြမ်းသည်.*
- ဂျယ်လီကို လုပ်ပါ သင့်ကလေးအား ဂျယ်လီသည် မည်ကဲ့သို့ ကြည်ကြည်လင်လင်အဆိုင်အခဲမှ အရည်အဖြစ်ပြောင်းလဲပြီး တဖန် အဆိုင်အခဲသို့ပြောင်းလဲကြောင်း ပြသပါ။ အကယ်၍ ဂျယ်လီ ရေခဲသေတ္တာအတွင်း ကျန်ရစ်လျှင် ဘာဖြစ်သွားနိုင်သည်ကို သင့်ကလေးအား ခန့်မှန်းခိုင်းပါ။ ဤခန့်မှန်းချက်ကို စစ်ဆေးပါ။

**အပူနှင့်အအေးသည် အစားအစာများအပေါ် မည်သို့သက်ရောက်မှုရှိကြောင်း ဆွေးနွေးပါ၊ ဥပမာ အပူသည် ပြောင်းဖူးစေ့ကို ပေါက်ပေါက်ဆုတ်ဖြစ်စေသည်၊ ကြက်ဥများကို ပြုတ်ပြီး မွှေကျော် ဖြစ်စေပြီး အရည်သည် ခဲသည်။**

### ကိုယ်ခန္ဓာ

- လူ့ကိုယ်ခန္ဓာအကြောင်းကို သင့်ကလေးများ မည်မျှသိကြောင်း ရှာဖွေပါ။ စာရွက်ပေါ်တွင် သူတို့၏ကိုယ်ခန္ဓာ ပုံသဏ္ဍာန်ကို မျဉ်းဆွဲခြင်းဖြင့် စတင်ပါ။ ကိုယ်ခန္ဓာ၏ အမျိုးမျိုးသော အစိတ်အပိုင်းများကို နံမည်ပေးရန် အတူတကွလုပ်ပါ၊ ဥပမာ မျက်နှာ၊ ဦးနှောက်၊ နှလုံးနှင့် အရိုးများ နှင့် အစာအိမ်တို့၏ အသွင်အပြင်များ ဖြစ်သည်။ မည်သည့်အစိတ်အပိုင်းသည် ကိုယ်ခန္ဓာအတွင်း တည်ရှိပြီး မည်သည့် အစိတ်အပိုင်းသည် အပြင်၌ တည်ရှိကြောင်း ထောက်ပြပါ။
- ကိုယ်ခန္ဓာ အစိတ်အပိုင်းတစ်ခုချင်း၏ လုပ်ကိုင်ပုံအကြောင်းကို ပြောဆိုပါ၊ ဥပမာ- *အဆုတ်သည် ကျွန်ုပ်တို့အား အသက်ရှူအောင်လုပ်ပေးသည်.* မည်သည့် ကိုယ်ခန္ဓာအစိတ်အပိုင်းသည် ပျော့ပြောင်းပြီး မည်သည်အစိတ်အပိုင်းသည် မာကြောကြောင်း ပြောဆိုပါ၊ ဥပမာ- *ဝမ်းဗိုက်သည် ပျော့သည် နှင့် ဦးခေါင်းခွံသည် မာကြောသည်.*



Department of Education

သင် ပိုမို၍ တွေ့လိမ့်မည် အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015